**26 March 2010**

# ရွေးကောက်ပွဲသတင်းစဉ် (၁၇)

## ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများပြဌာန်းခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်ပါရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများကို ၂၀၁၀ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ကြေညာခဲ့ပါသည် ။

(က) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀)

(ခ) ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၊ အမိန့်ကြော်ငြာစာအမှတ် (၂ /၂၀၁၀)

(ဂ) အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ။ အမိန့်ကြော်ငြာစာအမှတ်(၃ /၂၀၁၀)

(ဃ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်နည်းဥပဒေ၊ အမိန့်ကြော်ငြာစာအမှတ် (၄ /၂၀၁၀)

အဆိုပါနည်းဥပဒေများအရ ၊ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်လိုသူများသည် ကော်မရှင်ရုံးသို့မှတ်ပုံတင်ကြေးကျပ် (၃) သိန်းပေးသွင်းရန်လိုအပ်ပြီး၊ ကိုယ်စားလှယ်လောင်းတစ်ဦးစီသည် ရွေးကောက်ပွဲဆိုင်ရာ အသုံးစရိတ်ဖြစ်တစ်ဦးလျှင် ကျပ်ငွေသိန်း (၁၀၀) အထိအမြင့်ဆုံးအသုံးပြုနိုင်ကြောင်းဖော်ပြထားသည်။ ပါတီမှတ်ပုံတင်ရာတွင်လည်း ပါတီခေါင်းဆောင် နှင့် ဒုတိယခေါင်းဆောင်တို့ကခံဝန်ကတိလက်မှတ်ရေးထိုးလျှောက်ထားရမည်ဖြစ်သည်။ မှတ်ပုံတင်ပြီးသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်းပါတီဝင်ဦးရေကို နိုင်ငံအဝှမ်းယှဉ်ပြိုင်မည့်ပါတီဖြစ်လျှင်၊ အနည်းဆုံးအဖွဲ့ဝင် ၁၀၀၀ ၊ ဒေသဆိုင်ရာပါတီဖြစ်လျှင်အနည်းဆုံး အဖွဲ့ဝင် ၅၀၀ ပြည့်မှီအောင်ဖြည့်သွင်းရန်လိုအပ်ကြောင်းဖော်ပြထားသည်။

## နိုင်ငံရေးပါတီ (၇) ခုမှတ်ပုံတင်ရန်စောင့်ဆိုင်းနေ

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုအစိုးရကပြဌာန်းပြီးနောက် နိုင်ငံရေးပါတီ ၇ ဖွဲ့ခန့်ပါတီမှတ်ပုံတင်ခြင်းလုပ်ငန်းများစတင်ရန်ပြင်ဆင်စောင့်ဆိုင်းနေကြောင်း ရန်ကုန်မြို့ရှိအမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ချုပ်မှ သဘာပတိအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကြည်ဝင်းကပြောကြားပါသည်။ မှတ်ပုံတင်ရန်ပြင်ဆင်နေသည့်ပါတီများတွင် –

(က) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

(ခ) ဒီမိုကရက်တစ်ပါတီ (မြန်မာ)

(ဂ) မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်

(ဃ) ၈၈ မျိုးဆက်ကျောင်းသားလူငယ်များပြည်ထောင်စုမြန်မာနိုင်ငံ

(င) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း

(စ) ပြည်ထောင်စုဒီမိုကရေစီမဟာမိတ်အဖွဲ့

(ဆ) ကချင်ပြည်နယ်တိုးတက်ရေးပါတီ

အထက်တွင်တင်ပြထားခဲ့သည့် နိုင်ငံရေးပါတီများနှင့်အတူဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဦးရွှေအုံးက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

## ကချင်ပါတီရွေးကောက်ပွဲဝင်ရန်ပြင်ဆင်

ကချင်လွတ်မြောက်ရေးအဖွဲ့ ဒုဥက္ကဌအဖြစ်ဆောင်ရွက်ခဲ့သူ ဒေါက်တာမနမ်တူးဂျာခေါင်းဆောင်သည့် ကချင်ပြည်နယ်တိုးတက်ရေးပါတီ (KSPP) သည် ပါတီအဖြစ်မှတ်ပုံတင်ရန်လိုအပ်သော ဗဟိုကော်မတီဝင် ( ၁၅) ဦးနှင့်ပါတီဝင်အင်အား

၅၀၀ ကျော်အရန်သင့်ရှိနေပြီး ရွေးကောက်ပွဲဝင်ရန်ပြင်ဆင်လျက်ရှိပါသည်။ ပါတီအနေဖြင့် သတ်မှတ်ထားသည့် ရက်ပေါင်း ၆၀ အတွင်းမှတ်ပုံတင်ရန်ပြင်ဆင်လျက်ရှိကြောင်း ၊ အာဏာရရှိပါက ကချင်ပြည်နယ် သားများ၏ပညာရေး၊ ကျန်းမာရေး

နှင့်လူမှုနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထားဦးတည် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

## ဦးသုဝေပါတီရွေးကောက်ပွဲဝင်ရန်အဆင့်သင့်ဖြစ်

နိုင်ငံခေါင်းဆောင်ဟောင်းများ၏သမီးများပါဝင်ပြီး ဝါရင့်နိုင်ငံရေးသမားဦးသုဝေဦးဆောင်သည့် ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) ကရွေးကောက်ပွဲရောက်ရန်ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်းသိရှိရသည်။ ဒီမို ကရက်တစ်ပါတီသည်ရွေးကောက်ပွဲအတွက် တရားဝင်မှတ်ပုံတင်ခွင့်မရရှိသေးသော်လည်း ၂၀၀၉ ခုနှစ်ကုန်ပိုင်းမှစတင်၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများပြုလုပ်ခဲ့သည်။ ယခုရွေးကောက်ပွဲဥပဒေများကြေညာခဲ့ပြီးဖြစ်သဖြင့်၊ ရန်ကုန်နှင့်မန္တလေးတို့တွင်စည်းရုံးရေး လုပ်ငန်းများကို ယင်းဥပဒေနှင့်အညီဆောင်ရွက်နိုင်သည်ဟု ပါတီခေါင်းဆောင်ဦးသုဝေကပြောကြားပါသည်။ ဒီမိုကရက်တစ်ပါတီတွင်ပါဝင်သောထင်ရှားသူများမှာ ဝန်ကြီးချုပ်ဟောင်းဦးနု၏သမီးဒေါ်သန်းသန်းနု ၊ ဦးဗဆွေ၏သမီး ဒေါ်နေရီဗဆွေ နှင့်ဒုတိယဝန်ကြီးချုပ်ဟောင်း ဦးကျော်ငြိမ်း၏သမီး ဒေါ်ချိုချိုကျော်ငြိမ်းတို့ဖြစ်သည်။

## ချင်းနိုင်ငံရေးသမားများရွေးကောက်ပွဲဝင်ရန်ပြင်

ချင်းနိုင်ငံရေးသမားများပါဝင်သောပါတီတစ်ခုအား ထူထောင်ရန်ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်းသိ ရသည်။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲအပြီးနိုင်ငံရေးပါတီများကို အစိုးရက ဖိအားပေးမှုများပေးခဲ့ခြင်းကြောင့် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးအမျိုးသားကွန်ဂရက်နှင့် မရာလူမျိုးများပါတီတို့ဖျက်သိမ်းခြင်းခံခဲ့ရသည်။ ယခုအသစ်ထူထောင်ဖွဲ့စည်းမည့်ပါတီတွင်ချင်းပြည်နယ်တစ်ဝန်းရှိ နိုင်ငံရေးလုပ်ဆောင်နေသူများပါဝင်မည်ဖြစ်ကြောင်းသိရသည်။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ချင်းပြည်နယ်ရှိ မဲဆန္ဒ ၁၃ ခုတွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၄ )နေရာ၊ ဇိုမီးအမျိုးသား ကွန်ဂရက်က (၂)နေရာ၊ မရာလူမျိုးများပါတီက (၁) နေရာ၊ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီက (၁) နေရာ နှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် က (၄)နေရာအသီးသီးအနိုင်ရရှိခဲ့သည်။

## ကရင်ခေါင်းဆောင်များနိုင်ငံရေးပါတီဖွဲ့မည်

ရွေးကောက်ပွဲဥပဒေများကြေညာပြီးနောက်ပိုင်း ထင်ရှားသည့်ကရင်တိုင်းရင်းသားခေါင်းဆောင်များက ရွေးကောက်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပါတီထူထောင်ရေးကိစ္စများနှင့်ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်နေကြကြောင်းနှင့် တခြားသောကရင်တိုင်းရင်းသားများက အချို့တသီးပုဂ္ဂလကိုယ်စားလှယ်များ အဖြစ်ဝင်ရောက်အရွေးခံရန်ပြင်ဆင်နေကြောင်း ဒေသခံများနှင့်သတင်းဌာနများ၏ပြောကြားချက်များအရသိရှိရသည်။ ပြင်ဆင်နေသူများထဲတွင်ထင်ရှားသူများမှာ အငြိမ်းစား ဗိုလ်မှူးကြီးဟောင်းစောခင်စိုးနှင့် ကရင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ဥက္ကဋ္ဌ၊ ဒေါက်တာဆိုင်မွန်သာတို့ဖြစ်ကြသည်။ စောခင်စိုးသည်ပါ တီဖွဲ့စည်းထားခြင်းမရှိသေးသော်လည်း၊ ကရင်အမျိုးသားများ၏အကျိုးစီးပွားတိုးတက်ရေးကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားကာစည်းရုံးလုပ်ငန်းများကိုလုပ်ဆောင်နေပြီဖြစ်ပါသည်။ ၄င်းသည်အငြိမ်းစား စစ်သံမှူးကြီး အဖြစ်လုပ်ကိုင်ခဲ့သူဖြစ်ခြင်းကြောင့်၊ စစ်အစိုးရ၏ထောက်ခံမှုကိုရရှိထားသည်သာမက၊ ငြိမ်းချမ်းရေးရယူထားသည့်တိုး

တက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ) အပါအဝင်ကရင်လူမျိုးများ၏ယုံကြည်မှုကိုပါရရှိထားသူဖြစ်ပါသည်။ ယခုအခါစောခင်စိုး၏အဖွဲ့သည် ကရင်ပြည်နယ်မြို့တော်ဖားအံ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့နှင့် သန်တောင်မြို့များတွင် စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ဒေါက်တာဆိုင်မွန်သာ ၂၀၀၄ ခုနှစ်တွင် ကေအန်ယူခေါင်းဆောင်စောဗိုလ်မြနှင့် ထိုစဉ်ကဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်တို့၏ ငြိမ်းချမ်းရေးစကားဝိုင်းကိုစီစဉ်ခဲ့သူ အဖြစ်

ကျော်ကြားလာခဲ့သူဖြစ်သည်။ ၄င်း၏ပါတီ သည်ကရင်အမျိုးသားအလံကို ပါတီအလံတော်အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း၊ ကရင်လူမျိုးအများ အပြားနေထိုင်သော ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့်မွန်ပြည်နယ်တို့တွင် မဲဆွယ်စည်းရုံးရေး လုပ်ငန်းများလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။ ကျင်းပပြီးစီးခဲ့သည့် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ကရင်ပြည်နယ်ရှိ မဲဆန္ဒနယ် (၁၄) နယ်တွင် အမျိုးသားအဖွဲ့ (KSNO) ၊ ကရင်ပြည်ထောင်စုအဖွဲ့ချုပ်နှင့် ကရင်အမျိုးသားဒီမိုကရေစီ ကွန်ဂရက်ပါတီ (၃) ခုတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၊ (KSNO) ကမဲဆန္ဒနယ် (၁) နယ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီက (၁၀)နေရာအသီးသီးရှိခဲ့ပါသည်။

## ပြည်ထဲရေးဝန်ကြီးမောင်တောမြို့သို့စည်းရုံးရေးဆင်း

စစ်အစိုးရကပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မူဆလင်လူမျိုး၏ထောက်ခံမှုရရှိရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဖုန်းဆွေသည် ရခိုင်ပြည်နယ်၊ မောင်တောမြို့သို့ ရန်ကုန်မြို့မှ မူဆလင်စီးပွားရေးသမားများ ပါဝင်သောအဖွဲ့နှင့်အတူစည်းရုံးရေးဆင်းရန်မကြာမီကသွားရောက်ခဲ့ကြောင်းသိရှိရသည်။ ဝန်ကြီးနှင့်အတူလိုက်ပါသူများ တွင်မောင်တောမဲဆန္ဒနယ်မှဝင်ရောက်ယှဉ်ပြိုင်မည်ဟု သတင်းများပြေးနေသူမူဆလင်စီးပွားရေးလုပ်ငန်းရှင် အောင်နိုင်နှင့် အောင်ဇော်ဝင်းတို့ပါဝင်ကြောင်းသိရသည်။ ၎င်းတို့နှစ်ဦးသည် မောင်တောဇာတိများဖြစ်ကြပြီး၊ ဦးအောင်နိုင် သည် ငါးခူရဇာတိဖြစ်ပြီး၊ ဦးအောင်ဇော်ဝင်းမှာ အလယ်သန်ကျော်အရပ်မှဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မူဆလင်များ ရွေးကောက်ပွဲတွင်မဲပေးနိုင်ရန် အာဏာပိုင်များကဒေသခံမူဆလင်များကို အဖြူရောင်ဧည့်နိုင်ငံသားကဒ်ပြားများ ထုတ်ပေး လျက်ရှိကြောင်းသိရသည်။ အမည်မဖော်လိုသူ ၇ခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှအဖွဲ့ဝင်တစ် ဦး၏ပြောကြားချက်အရ၊ မူဆလင်ဘာသာဝင်များအနေဖြင့် လက်ရှိစစ်အစိုးရအပေါ်မူဆလင်များကို ဖိအားပေးနှိပ်စက်မှုများပြုနေခြင်းကြောင့် ရွေးကောက်ပွဲတွင် အစိုးရအပေါ်လိုလားသူများကိုမဲမပေးဘဲ တခြားသောပါတီများမှကိုယ်စားလှယ်များကိုမဲပေးသွား ဖွယ်ရာရှိကြောင်းကြောင်းပြောကြားပါသည်။ ယင်းအခြေအနေများကြောင့် ပြည်ထဲရေးဒုဝန်ကြီးကိုယ်တိုင် မူဆလင်စီးပွား ရေးသမားများနှင့်အတူလာ ရောက်စည်းရုံးနေခြင်းဖြစ်ပါသည်။

## သုံးသပ်ချက်

မြန်မာနိုင်ငံတွင် အများမျှော်လင့်နေသည့် အထွေထွေရွေးကောက်ပွဲကျင်းပရန်အချိန်နီးကပ်လာသည်နှင့် အမျှ အချို့ သောပါတီများက ရွေးကောက်ပွဲဝင်ရန်ပြင်ဆင်မှုများပြုလုပ်နေချိန်တွင်၊ တချို့ကဝင်ရောက်ရေး–မဝင်ရောက်ရေးကို စဉ်း စားနေဆဲပင်ရှိပါသည်။ မည်သို့ပင်ရှိစေကာမူ၊ ပါတီများမှတ်ပုံတင်ခြင်းအတွက် ရက်ပေါင်း (၆၀) မျှသာပေးထားခြင်း ကြောင့်နိုင်ငံရေးပါတီများ အချိန်ဆွဲစဉ်းစားရန်အခြေအနေမရှိပေ။ ရွေးကောက်ပွဲတွင်ဝင်ရောက်ရန်ဆုံးဖြတ်ခဲ့ပါကလည်း လိုအပ်သော ပါတီဖွဲ့စည်းရေးနှင့်နိုင်ငံရေးလမ်းစဉ်ချ မှတ်ခြင်းတို့ကိုအကောင်အထည်ဖော်ရန်လိုအပ်လာမည်ဖြစ်ပါသည်။ ကချင်၊ ချင်းနှင့်ကရင်စသည့်တိုင်း ရင်းသားပါတီများရွေးကောက်ပွဲတွင်ပါဝင်ရန်ဆုံးဖြတ်ခြင်းသည် မြန်မာနိုင်ငံတွင် ဒီမိုကရေ စီလမ်းကြောင်းပေါ်ထွန်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများ၌တိုင်းရင်းသားလူမျိုးစုများ၏အခန်းကဏ္ဍ

သည်အဖြစ်မနေလိုအပ်ကြောင်းသက်သေထူလိုက်ခြင်းဖြစ်သည်။ သို့ရာတွင်ရှေ့တိုးနောက်ငင်ဖြစ်နေသည့် ငြိမ်းချမ်းရေး လက်နက်ကိုင်တပ်ဖွဲ့များနယ်ခြားစောင့်တပ်ဖွဲ့အသွင်ပြောင်းလဲရေးကို လက်မခံဘဲတင်းခံနေမည်ဆိုပါက စစ်အစိုးရက အဆိုပါအဖွဲ့များကို “ မတရားသင်းများအဖြစ်” ကြေညာသွားနိုင်ဖွယ်ရာရှိကြောင်းသတင်းများထွက်ပေါ်နေပါသည်။ တနည်းအားဖြင့် အစိုးရကယင်းအဖွဲ့များကို လိုသလိုစီမံသွားရန်အခြေအနေကိုဖန်တီးခြင်းပင်ဖြစ်ပါသည်။ ယင်းသို့သော အခြေအနေမျိုးတွင် လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့များသာမက ရွေးကောက်ပွဲအားဆန့်ကျင်သည့် နိုင်ငံရေးပါတီများကို အပြီးသတ်အမြစ် ပြတ်ချေမှုန်းရန် အခွင့်အလမ်းရရှိသွားမည်ဖြစ်သည်။ တစ်ဘက်တွင်လည်း လက်နက်ကိုင်ငြိမ်းချမ်းရေး အဖွဲ့များက ပြန်လည်တိုက်ခိုက်လာသည့်အခါတွင် အာဏာပိုင်များက ပြည်တွင်းရေးအခြေအနေမငြိမ် မသက်ဖြစ်သည်ကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပခြင်းကိုပင်လျှင် ရွှေ့ဆိုင်းကောင်းရွှေ့ဆိုင်းနိုင်မည့်အလားအလာ လည်းဖြစ် လာ နိုင်ပြန်ပါသည်။ အစိုးရအနေဖြင့်မည်သို့သော အခြေအနေရောက်ရှိနေစေကာမူ ၎င်း၏ကြံ့ဖွံ့ခံအဖွဲ့အစည်းများနှင့် နိုင်ငံ ရေးပါတီများကို လွတ်လပ်စွာစည်းရုံးခွင့်ပြုထားသည်ကိုအထင်အရှားတွေ့ရသလို၊ ကျန်ရှိနေသည့်အတိုက်အခံ နိုင်ငံရေး ပါတီများ၏လှုပ်ရှားမှုများကို ကန့်သတ်ထားဆဲပင်ရှိပါသည်။ ထို့ကြောင့်လာမည့်ရွေးကောက်ပွဲသည် အစိုးရကကြေညာ ထားသည့် အတိုင်းလွတ်လပ်၍၊ တရားမျှသော ရွေးကောက်ပွဲဖြစ်ရန်မှာ အလွန်ခဲယဉ်းကြောင်းတွေ့မြင်နေရပါသည်။ မဲပေးရေးနှင့်ပတ်သက်၍၊ သက်ဆိုင်ရာပါတီကိုယ်စားလှယ်များသည် မဲရုံများသို့ကိုယ်တိုင်ကိုယ်ကျသွား ရောက်ကြည့် ရှုခွင့်ပြုထားသည်ဟုဆိုသော်လည်း၊ ရွေးကောက်ပွဲကော်မရှင်အားပေးအပ်ထားသောလုပ်ပိုင် ခွင့်အာဏာများမည်သည့် အတိုင်းအတာအထိအသုံးချသည်ကိုစောင့်ကြည့်ရမည်သာဖြစ်ပါသည်။ ရိုးရိုးစင်းစင်းပြောရမည်ဆိုပါက၊ ကိုယ်စားလှယ် လောင်းတစ်ဦးအား ရွေးကောက်ပွဲဝင်ရောက်ရန် ကော်မရှင်က အန္တရာယ်ရှိသူအဖြစ်သတ်မှတ်နိုင်ပြီး၊ ၎င်း၏အဆိုပြု လွှာကိုပယ်ဖျက်နိုင်စွမ်းရှိပြီး၊ ဝင်ရောက်အရွေးချယ်ခံခွင့်ကိုပင်ပိတ်ရန်အခွင့်အာဏာများကိုပေးအပ်ထားပါသည်။ တစ်နည်း အားဖြင့် အစိုးရဆန့်ကျင်သောသူများကိုသွယ်ဝိုက်သောနည်းများဖြင့် ရွေးကောက်ပွဲဝင်ခြင်းကို ဥပဒေကြောင်းအရတား ဆီးနိုင်ပြီး၊ အစိုးရထောက်ခံမှုရှိသော အဖွဲ့အစည်းများနှင့်ပါတီများမှ ကိုယ်စားလှယ်လောင်းများ အနိုင်ရရှိရန်အခြေ

အနေကိုဖန်တီးပေးထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍၊ ရွေးကောက်ပွဲဝင်ရောက်ရန်ပြင်ဆင်နေသည့် အတိုက်ခံပါတီများနှင့် တိုင်းရင်းသားပါတီများအနေဖြင့် အစိုးရကအကွက်ဆင်ထားသော ထောင်ချောက်အတွင်းသို့မကျမိစေရန် ဘက်စုံဒေါင့်စုံရှု ထောင်အဖုံဖုံမှ ကြိုတင်ကာကွယ်ပြင်ဆင်ထားရန်လိုအပ်မည်ဖြစ်ကြောင်းသုံးသပ်ရပါသည်။